**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**(ခရိုင်တရားရုံးနှင့်မြို့နယ်တရားရုံးများဆိုင်ရာ အမိန့်ဆင့်စာခနည်း ဥပဒေများ)**

**အမိန့်ကြော်ငြာစာအမှတ် ၄၆/၂၀၁၃**

**၁၃၇၄ခုနှစ်၊ ပြာသိုလဆန်း ၃ရက်**

**(၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ ၁၄ရက်)**

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုတရား လွှတ်တော်ချုပ်သည် ပြည်ထောင်စုတရား စီရင်ရေးဥပဒေပုဒ်မ ၇၃ နှင့် The Process Fees Act ပုဒ်မ ၃ အရ အပ်နှင်း ထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကိုထုတ်ပြန်လိုက်သည်။

အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို ခရိုင်တရားရုံးနှင့်မြို့နယ်တရားရုံးများဆိုင်ရာ အမိန့်ဆင့်စာခနည်း ဥပဒေ များဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများသည်ခရိုင်တရားရုံးနှင့်မြို့နယ်တရားရုံးများအားလုံးနှင့်သက်ဆိုင်စေရမည်။

၃။ ဤနည်းဥပဒေများတွင်-

(က) “ **တရားရေးဦးစီးမှူး**”ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားရေးဦးစီးမှူးကိုဆို သည်။

(ခ) “ **ဘီလစ်**” ဆိုသည်မှာခရိုင်တရားရုံးသို့မဟုတ် မြို့နယ်တရားရုံးတွင်ဘီလစ်တာဝန်ပေးအပ်ခြင်း ခံရသောအရာရှိသို့မဟုတ် ဝန်ထမ်းကိုဆိုသည်။

(ဂ) “ **အမိန့်ဆင့်စာ**” ဆိုသည်မှာ တရားခံသို့မဟုတ် တရားပြိုင် သို့မဟုတ် သက်သေသို့ချအပ်ရန် ဆင့်စာ၊ ပစ္စည်းဖမ်းဝရမ်းစာ သို့မဟုတ် လူဖမ်းဝရမ်းစာ၊ ထို့ပြင် တရားမနှင့် ဆိုင်သည်ဖြစ်စေ၊ ပြစ်မှု နှင့်ဆိုင်သည်ဖြစ်စေ၊ အများနှင့်ဆိုင်သည်ဖြစ်စေထုတ်ဆင့်သည့်နို့တစ်စာ၊ ကြော်ငြာစာ၊ တားဝရမ်းစာ သို့မဟုတ် အမိန့်စာများပါဝင်သည်။

ကြီးကြပ်အုပ်ချုပ်ခြင်း

၄။ အမိန့်ဆင့်စာချအပ်ခြင်းနှင့်စပ်လျဉ်း၍ ဘီလစ်နှင့်ဆင့်စာလုလင်များကိုခရိုင်တရားရုံးတွင်ခရိုင် တရားသူကြီးကလည်းကောင်း၊ မြို့နယ်တရားရုံးတွင်မြို့နယ်တရားသူကြီးကလည်းကောင်း ကြီးကြပ် အုပ်ချုပ် ရမည်။

ဘီလစ်

၅။ (က) ခရိုင်တရားရုံးတွင်ခရိုင်တရားသူကြီးကဒုတိယဦးစီးမှူးတစ်ဦးအားဘီလစ်အဖြစ် တာဝန် ပေးရ မည်။ ဒုတိယဦးစီးမှူးမရှိလျှင် အကြီးတန်းစာရေးထက်မနိမ့်သော ဝန်ထမ်းတစ်ဦးအားဘီလစ် အဖြစ် တာဝန်ပေးရမည်။

(ခ) မြို့နယ်တရားရုံးတွင်မြို့နယ်တရားသူကြီးက အကြီးတန်းစာရေးထက်မနိမ့်သော ဝန်ထမ်းတစ်ဦးအား ဘီလစ်အဖြစ်တာဝန်ပေးရမည်။

Myanmar Law Information System (MLIS)

၆။ ဘီလစ်သည်ခရိုင်တရားရုံးတွင် ခရိုင်တရားသူကြီး၊ မြို့နယ်တရားရုံးတွင်မြို့နယ်တရားသူကြီး၏ တိုက်ရိုက်ကြီးကြပ်မှုကိုခံယူပြီးသက်ဆိုင်ရာဘီလစ်ဌာနရှိငွေကိုင်စာရေးနှင့်ဆင့်စာလုလင်တို့ကို ကြီးကြပ် အုပ်ချုပ်ရမည်။

၇။ ဘီလစ်သည်ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သတ်မှတ်သည့်ပုံစံ၊ အမျိုးအစားနှင့်ငွေအရေ အတွက် အတိုင်းခံဝန်ချုပ်ဆိုရမည်။

ဆင့်စာလုလင်များ

၈။ (က) တရားရေးဦးစီးမှူးသည် ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးများက ထုတ်ဆင့်သည့် သို့မဟုတ် ချအပ်ရန်ရရှိသည့် အမိန့်ဆင့်စာများကို ချအပ်အတည်ပြုရန် ဆင့်စာလုလင်များကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ခွင့်ပြုချက်နှင့်အညီ ခန့်ထားရမည်။

(ခ) ဆင့်စာလုလင်အဖြစ် ဆောင်ရွက်ရန် သတ်မှတ်ထားသည့် အရည်အချင်းနှင့်ပြည့်စုံခြင်းမရှိသူအား ဆင့်စာလုလင်အဖြစ်ခန့်ထားခြင်းမရှိစေရ။

ထားရှိရမည့်မှတ်ပုံတင်စာရင်းစာအုပ်များ

၉။ ဘီလစ်သည် ခရိုင်တရားသူကြီးသို့မဟုတ် မြို့နယ်တရားသူကြီး၏ ကြီးကြပ်အုပ်ချုပ်မှုကိုနာခံလျက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကသတ်မှတ်သည့်ပုံစံများ၊ ညွှန်ကြားချက်များနှင့် အညီ အမိန့်ဆင့်စာ များကိုချအပ်အတည်ပြုခြင်းနှင့်စပ်လျဉ်းသည့်မှတ်ပုံတင်စာရင်းစာအုပ်များကိုထားရှိရမည်။

အမိန့်ဆင့်စာများချအပ်အတည်ပြုသည့်အတွက် ကောက်ခံထိုက်သည့်အခကြေးငွေ

၁၀။ နည်းဥပဒေ၁၁တွင်ဖော်ပြပါရှိသည့်ကင်းလွတ်ချက်များကို အထောက်အထားပြု၍အမိန့်ဆင့်စာ ထုတ်စေလိုသူထံမှသော်လည်းကောင်း၊ အမိန့်ဆင့်စာထုတ်လျှင် အကျိုးခံစားရမည့်သူထံမှသော်လည်း ကောင်းအမိန့်ဆင့်စာအသီးသီးအတွက်အောက်ပါနှုန်းထားများအတိုင်းအမိန့်ဆင့်စာခများကိုကောက်ခံရမည်-

| | | | | |
|---|---|---|---|---|
| | | | | ကျပ် |
| (က) | ဆင့်စာ | (၁) | တရားခံသို့မဟုတ်တရားပြိုင်တစ်ဦးလျှင်………….. | ၂၀၀ |
| | | (၂) | သက်သေတစ်ဦးလျှင်……………………………… | ၁၀၀ |
| (ခ) | အယူခံမှုတွင် အယူခံတရားခံ( သို့မဟုတ်) အယူခံ | | | |
| | တရားပြိုင်သို့ချအပ်ရန် နို့တစ်စာ…………………………………….. | | | ၂၀၀ |
| (ဂ) | ဝရမ်းစာ | (၁) | လူဖမ်းဝရမ်းတွင်လူတစ်ဦးလျှင်…………………… | ၅၀၀ |
| | | (၂) | ပစ္စည်းဖမ်းဝရမ်းတွင်- | |

Myanmar Law Information System (MLIS)

| | | | | |
|---|---|---|---|---|
| | | | (ကက) ဝရမ်းစာသို့မဟုတ်တားမြစ်ချက်အမိန့် | |
| | | | စာတစ်စောင်လျှင်................................... | ၅၀၀ |
| | | | (ခခ) ဝရမ်းစွဲကပ်သည့်ပစ္စည်းကိုစောင့်ကြပ် | |
| | | | ကြည့်ရှုရသူအသီးသီးအတွက် စောင့်ထိန်းခ | |
| | | | တစ်နေ့လျှင်......................................... | ၂၀၀ |
| (ဃ) | အခြားအမိန့်ဆင့်စာ...................................................... | | | ၁၀၀ |

အခကြေးငွေကောက်ခံခြင်းမပြုရသည့်အမိန့်ဆင့်စာများ

၁၁။ (က) အောက်ပါ အမိန့်ဆင့်စာများအတွက် အခကြေးငွေကောက်ခံခြင်းမရှိစေရ-

(၁) မှားယွင်းမှုကြောင့်သော်လည်းကောင်း၊ တရားရုံး၏ရွှေ့ဆိုင်းမှုကြောင့် သော်လည်းကောင်း ထုတ်ရသည့် အမိန့်ဆင့်စာသို့မဟုတ် တစ်ဖန်ပြန်၍ ထုတ်ရသည့်အမိန့်ဆင့်စာ၊

(၂) တရားရုံးအဆောက်အအုံ၌ဖြစ်စေ၊ အစိုးရရုံးဌာန၌ဖြစ်စေ စွဲကပ်သည့်အမိန့်ဆင့်စာမူရင်းခွဲ၊

(၃) ဝရမ်းခွာကြောင်းသို့မဟုတ် ရောင်းခြင်းကိုရွှေ့ဆိုင်းကြောင်းအကြောင်းကြားသည့်အမိန့်စာ၊

(၄) လူတစ်ဦးတစ်ယောက်ကို ချုပ်ထားရန်ဖြစ်စေ၊ အချုပ်မှလွှတ်ရန်ဖြစ်စေအကျဉ်းထောင်တာဝန်ခံ အရာရှိထံဆင့်ဆိုသည့်အမိန့်စာ၊

(၅) အခကြေးငွေမကောက်ခံရဟုဖော်ပြပြီးတရားရုံးကမိမိအလိုအလျောက်ထုတ်သည့်အမိန့်ဆင့်စာ။

(ခ) ပြစ်မှုမူလစီရင်ပိုင်ခွင့်အာဏာကိုကျင့်သုံးရာတွင် တရားရုံးသည်အောက်ပါအမိန့်ဆင့်စာများအတွက် အခကြေးငွေကောက်ခံခြင်းမရှိစေရ-

(၁) အရေးယူပိုင်သည့်အမှုတွင်ထုတ်သည့်အမိန့်ဆင့်စာ၊

(၂) မိမိအလိုအလျောက်ထုတ်သည့်အမိန့်ဆင့်စာ၊

(၃) ရာဇသတ်ကြီးပုဒ်မ ၂၁တွင်အဓိပ္ပာယ်ဖော်ပြထားသည့်ပြည်သူ့ဝန်ထမ်းကပြည်သူ့ဝန်ထမ်းအနေနှင့် ဆောင်ရွက်ရာ၌သို့မဟုတ် ဆောင်ရွက်သည့်သဘောသက်ရောက်ရာ၌ ပြုလုပ်သောတိုင်လျှောက်သည့်အမှု တွင်ထုတ်သည့်အမိန့်ဆင့်စာ။

(ဂ) တရားမမူလစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံးရာတွင်တရားရုံးသည် အောက်ပါ အမိန့်ဆင့်စာများ အတွက်အခကြေးငွေကောက်ခံခြင်းမရှိစေရ-

(၁) တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၃၊ ၂၅ သို့မဟုတ် ၂၈ အရ ပြန်ပို့သည့်အမှုများတွင် သော်လည်းကောင်း၊ အမိန့်၄၄၊ နည်းဥပဒေ ၂အရ ပို့သည့်အမှုများတွင် သော်လည်းကောင်းတရားရုံးသို့ လာရောက်ရန်နေ့ရက်ချိန်းဆိုသတ်မှတ်သည့်နို့တစ်စာ၊

Myanmar Law Information System (MLIS)

(၂) မူလအမိန့်ဆင့်စာအတွက်သတ်မှတ်သော အခကြေးငွေကိုကောက်ခံပြီးဖြစ်သည့်အခါ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၃၅၊ ၃၆၊ ၄၄၊ ၄၅၊ ၅၄၊ ၆၇ (၁) နှင့် ၉၆ များအရဖြစ်စေ၊ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ သို့မဟုတ် ပုဒ်မ ၃၇၃အရဖြစ်စေ စွဲကပ်သည့်အမိန့်ဆင့်စာမူရင်းခွဲ။

၁၂။ နည်းဥပဒေ ၁၀အရ ကောက်ခံရမည့်အမိန့်ဆင့်စာခနှုန်းထားနှင့်နည်းဥပဒေ ၁၁ အရ ကင်းလွတ်ခွင့် ပြုသည့်အမိန့်ဆင့်စာများစာရင်းတစ်စောင်ကိုတရားရုံး အဆောက်အအုံတွင်အများပြည်သူတို့ဝင်ထွက်သွားလာနိုင်သည့်ထင်ရှားမြင်သာသောနေရာ၌စွဲကပ်ထားရမည်။

၁၃။ အမိန့်ဆင့်စာများ ချအပ်အတည်ပြုခြင်းနှင့်စပ်လျဉ်း၍အရပ်ရပ်ကုန်ကျသည့် စာပို့ခများနှင့်အခြားအသေးသုံးစရိတ်များအတွက်အစိုးရကထုတ်ပေးမည်ဖြစ်သည်။ ထို့ပြင် နည်းဥပဒေ ၁၀အရ ပြဋ္ဌာန်းသတ်မှတ်သည့်အမိန့်ဆင့်စာခများအပြင် အခြားမည်သည့်အခကြေးငွေကိုမျှ အမိန့်ဆင့်စာထုတ်ပေးစေ လိုသူများထံမှသော်လည်းကောင်း၊ အမှုတစ်ခုခုတွင်တရားရုံးကအမိန့်ဆင့်စာချပေး ရန်အမိန့်ချမှတ်ခြင်း ခံရသောအခြားသူတစ်ဦးဦးထံမှသော်လည်းကောင်း ကောက်ခံခြင်းမရှိစေရ။

**ခြွင်းချက်**။ သို့ရာတွင် အမိန့်ဆင့်စာကိုအမြန်ချောစာပို့ဖြင့် လျှောက်သူကပေးပို့စေလိုသည့် အချက်တွင် အမိန့်ဆင့်စာခအပြင် အမြန်ချောစာပို့ခကို ကောက်ခံရမည်။

အမိန့်ဆင့်စာခများကို ကောက်ခံရန်နည်းလမ်း

၁၄။ အမိန့်ဆင့်စာ ထုတ်စေလိုသည့်သူထံမှဖြစ်စေ၊ တရားရုံး၏ ဆင့်ဆိုချက်အရ ပေးဆောင်ရမည့်သူ ထံမှဖြစ်စေ အမိန့်ဆင့်စာကို ချအပ်သို့မဟုတ်အတည်ပြုရန် ရေးသားခြင်းမပြုမီအမိန့်ဆင့်စာခကို အရကောက်ခံရမည်။ ထိုသို့ကောက်ခံရာတွင်-

(က) နည်းဥပဒေ ၁၀ (ဂ) (၂) (ခခ) အရ ပြဋ္ဌာန်းသည့်စောင့်ထိန်းခဖြစ်လျှင် ငွေသားဖြင့်ကောက်ခံရ မည်။

(ခ) အခြားအချက်တစ်ရပ်ရပ်တွင် ရုံးခွန်တံဆိပ်ခေါင်းများဖြင့် ကောက်ခံရမည်။ ထိုတံဆိပ်ခေါင်းများ ကို အမိန့်ဆင့်စာထုတ်ရန် လျှောက်ထားသည့်လျှောက်လွှာတွင်သော်လည်းကောင်း၊ အမိန့်ဆင့်စာကို ထုတ်ရန် ဆင့်ဆိုသည့်အမိန့်စာတွင်သော်လည်းကောင်းကပ်ရမည်။

(ဂ) အမိန့်ဆင့်စာခများအတွက်ရုံးခွန်တံဆိပ်ခေါင်းများကိုလက်ခံရရှိသည့်အခါ ရရှိကြောင်းပြေစာပေး ရမည်။

အထွေထွေ

၁၅။ (က) ပြစ်မှုစီရင်ပိုင်ခွင့်အာဏာကိုကျင့်သုံးရာ၌ တရားရုံးကထုတ်ဆင့်သည့်လူဖမ်းဝရမ်းစာများကို အတည်ပြုရန်အတွက် သာမန်အားဖြင့်ရဲစခန်းသို့ပေးပို့ရမည်။

(ခ) မိမိတရားရုံး၏စီရင်ပိုင်ခွင့်ပြင်ပတွင်ချအပ်သို့မဟုတ် အတည်ပြုရမည့်အခြားအမိန့်ဆင့်စာအရပ်ရပ်နှင့်စပ်လျဉ်း၍ထိုအမိန့်ဆင့်စာကိုချအပ်သို့မဟုတ်အတည်ပြုစေလိုသည့် မြို့နယ်ရှိမြို့နယ်တရားရုံးသို့ ပေးပို့ရမည်။

၁၆။ အမိန့်ဆင့်စာကိုချအပ် သို့မဟုတ် အတည်ပြုရန်ဘီလစ်ထံသို့မပို့မီ ထိုအမိန့်ဆင့်စာပေါ်တွင် "အခငွေကျပ်...... ပေးပြီး"၊ သို့မဟုတ် " နည်းဥပဒေ ၁၁( ) အရကင်းလွတ်ခွင့်ပြုသည်" ဆိုသောစကားရပ်ကိုရေးသားရမည်။ ထိုသို့ရေးရာ၌နည်းဥပဒေ ၁၀အရ ကောက်ခံသည့်အခကြေး ငွေဖြစ်စေ၊

Myanmar Law Information System (MLIS)

အမိန့်ဆင့်စာကိုအခကြေးငွေကင်းလွတ်ခွင့်ပြုသည့်နည်းဥပဒေ ၁၁ပါအပိုဒ် နံပါတ်ဖြစ်စေ သက်ဆိုင်ရာကွက်လပ်တွင်ထည့်သွင်းရမည်။

၁၇။ အမိန့်ဆင့်စာကိုချအပ်ရန်အခြားတရားရုံးသို့ပေးပို့သည့်အခါ သတ်မှတ်သည့်အခကြေးငွေကောက်ခံပြီးကြောင်းသို့မဟုတ် အမိန့်ဆင့်စာမှာအခကြေးငွေကင်းလွတ်ခွင့်ပြုကြောင်းကိုထိုအမိန့်ဆင့် စာပေါ်တွင် ရေးသား ဖော်ပြ၍ ပေးပို့ရမည်။ ဖော်ပြပါ အမိန့်ဆင့်စာရရှိသည့် တရားရုံးသည်နောက်ထပ် အခကြေးငွေမယူဘဲအမိန့်ဆင့်စာချအပ်ခွင့်ရှိသည်။

၁၈။ ၁၉၅၂ခုနှစ်၊ အောက်တိုဘာလ ၁၄ နေ့စွဲပါ တရားရေးဌာန၏အမိန့်ကြော်ငြာအမှတ် ၃၆၇ ဖြင့်ထုတ်ပြန်ထားသည့်Process Fees Rules ကိုဤနည်းဥပဒေများဖြင့်ရုပ်သိမ်းလိုက်သည်။

ထွန်းထွန်းဦး<br>
ပြည်ထောင်စုတရားသူကြီးချုပ်<br>
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

Myanmar Law Information System (MLIS)